# **တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂။)

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းရင်းဆေးကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော ''တစ်ဆက်တည်း ၃ ကြိမ်အထိ''ဆိုသည့် စကားရပ်ကို ''တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌမှအပ ကျန်ကောင်စီဝင်များ၏ သက်တမ်းသည်တစ်ဆက်တည်း နှစ်ကြိမ်အထိ'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) အား ''တိုင်းရင်းဆေးပညာ ခေတ်မီတိုးတက်ရေး၊ သိပ္ပံနည်းကျရေး၊ သင်ကြားရေးများ၊ သုတေသနပြုရေးများ နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနသို့ လိုအပ်သည့် အကြံပြုချက်များတင်ပြခြင်း'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (စ) အား ''နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ တိုင်းရင်းရိုးရာဆေးပညာကို အသုံးပြု၍ ကုသသော ဆေးဆရာများအား ဆေးကုသခွင့်ပေးခြင်းနှင့် စပ်လျဉ်း၍ ဆေးကုသခွင့်လိုင်စင် ထုတ်ပေးရန် ၎င်းတိုင်းရင်းရိုးရာဆေးပညာအတွက် လိုအပ်သော လက်မှတ်၊ ကုသမည့်ဆေးဆရာတို့၏ အရည်အချင်းတို့ကို တိုင်းရင်းဆေးပညာဦးစီးဌာနက စိစစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြုချက်တင်ပြခြင်းနှင့် ထောက်ခံချက်ပေးခြင်း'' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးကောင်စီဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) တွင် ပါရှိသော ''ငွေဒဏ်ကျပ် ၁၀၀၀၀အထိ'' ဆိုသည့် စကားရပ်ကို ''ငွေဒဏ်ကျပ်တစ်သိန်းအထိ'' ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်